ရက်စွဲ။ ။ ၃၀.၄.၂၀၁၈ ခုနှစ်

**မြန်မာ့တပ်မတော်မှ စစ်ဆင်ရေးကြောင့် ကချင်ပြည်နယ်အနှံ့ ဒေသခံတိုင်းရင်းသားပိတ်မိနေသူများ လွတ်မြောက်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုကူညီထောက်ပံ့မှုများ အလျင်အမြန်ရရှိရန် သဘောထားထုတ်ပြန်ခြင်း။**

၂၀၁၈ ခုနှစ်၊ ဧပြီလ(၁၁)မှ (၂၈)ရက်ထိ မြန်မာ့တပ်မတော်မှ ပြင်းထန်စွာ ထိုးစစ်ဆင်မှုကြောင့် တနိုင်းမြို့နယ်၊ အောင်လောဒ်ကျေးရွာ၊ ကားမိုင်းမြို့နယ်၊ မန်ဝိုင်း/လိုင်နောင်းခူးကျေးရွာ၊ နမ္မတီးမြို့နယ်၊ ကဆုန့်ကျေးရွာ၊ အင်ဂျန်ယန်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဇန်နောင်ယန်ကျေးရွာများမှ ပြည်သူများ ကိုယ်လွတ်ရုံးထွက်ပြေးတိမ်းရှောင်ရသဖြင့် တောထဲများတွင် တိုက်ပွဲများအကြား ယနေ့ထိပိတ်မိနေဆဲဖြစ်သည်။

၄င်းပိတ်မိခံပြည်သူများတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ နို့စို့မိခင်များ၊ နာမကျန်းသူများ၊ သက်ကြီးရွယ်အိုများ၊ (၅) နှစ်အောက်ကလေးသူငယ်များ၊ မွေးကင်စကလေးငယ်များ၊ လေဖြတ်သူများ၊ မသန်းစွမ်းသူများ၊ မီးနေသည်များ နှင့် ဒဏ်ရာရရှိထားသူများ အပါအဝင် ပိတ်မိပြည်သူများသည် အစာရေစာများ ပြတ်လပ်ခြင်း၊ လုံခြုံသည့် ဒေသသို့ မရောက်ရှိနိုင်သလို၊ ဆက်လက်တိုက်ပွဲများ ပြင်ထန်လာသဖြင့် နေရပ်စွန့်ခွာထွက် ပြေးရသည့် ပြည်သူများ တစ်နေ့တစ်ခြား တိုးပွားလာသဖြင့် စစ်ဘေးရှောင် ပြည်သူများအတွက် အလွန်စိုးရိမ်ဖွယ်ရှိသည်။

တပ်မတော်မှ ထိုးစစ်ဆင်တိုက်ခိုက်မှုကြောင့် အပစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်လုံခြုံမှုကို ထိခိုက်နစ်နာမှု အပေါ် နိုင်ငံတော်အစိုးရအနေနှင့် နှုတ်ဆိတ်နေခြင်းသည် အခြားသောတိုင်းရင်းသားလူမျိုးစုနှင့် အခြားဘာသာကိုးကွယ်ယုံကြည်သူများကို လေးစားအသိအမှတ်မပြုပဲ၊ ဗမာဗုဒ္ဓလူမျိုးကြီးဝါဒတည်ဆောက်ခြင်းသာဖြစ်သည်။

တပ်မတော်၏ ပြင်းထန်စွာ ထိုးစစ်ဆင်တိုက်ခိုက်ခြင်းသည် ဌာနေတိုင်းရင်းသားများ၏ မြေယာနှင့်သယံဇာတများကို စစ်ရေးဖြင့် ဖိအားပေး၍ သိမ်းယူခြင်းနှင့် လူမျိုးစုရှင်းလင်းရေးကို ဦးတည်နေသည်။

အထက်ပါပြဿနာပဋိပက္ခများကို အလျှင်မြန်ဆုံးဖြေရှင်းနိုင်ရန် လူသားခြင်းစာနာထောက်ထားမှု ကူညီထောက်ပံ့မှုရရှိရေး လူထုလှုပ်ရှားမှုကော်မတီမှ အောက်ပါအချက်များကို သဘောထားထုတ်ပြန်သည်။

၁။ တိုက်ပွဲကြားပိတ်မိနေသောပြည်သူများ လုံခြုံသော နေရာသို့ ဘေးကင်းစွာနေရပ်ပြန်နိုင်ရေးနှင့် လူသားခြင်းစာနာမှု ဆိုင်ရာ အကူအညီထောက်ပံမှုကို အချိန်နှင့်တစ်ပြေညီ အမြန်ဆုံးရရှိရေးကို ဆောင်ရွက်ရမည်။

၂။ မြန်မာ့တပ်မတော်မှ ကချင်ဒေသသို့ ထိုးစစ်ဆင်မှုများကို အမြန်ဆုံးရပ်ဆိုင်းရမည်။

၃။ ပြည်သူများ၏ အသက်အိုးအိမ်ထိခိုက်နစ်နာမှုနှင့် အသက်ဘေးကင်းလုံခြုံရေးကို နိုင်ငံတော်အစိုးရမှ ထိရောက်စွာ ကာကွယ်စောင့်ရှောက်မှုကို တာဝန်ယူရမည်။

၄။ ငြိမ်းချမ်းရေးကို ရရှိရန် လက်ရှိပြဿနာပဋိပက္ခကို စစ်ရေး ဖြင့်ဖိအားပေးခြင်းမပြုဘဲ၊ နိုင်ငံရေးပြာသနာကို နိုင်ငရေးအရ ဖြေရှင်းရမည်။

**ဆက်သွယ်ရန်**

(၁) ဆရာမဒေါ်နန်ပူ- +၉၅ ၂၅၃ ၁၀၈ ၁၄၇
(၂) ဦးဇော်ဂျတ်- +၉၅ ၉၄၄ ၀၀၀ ၆၄၄၂
(၃) ဦး စာရီ-+၉၅ ၉၄၀ ၁၅၃ ၈၂၄၉